ဝင်း နိုင်အောင်
၁၈/၅/၀၁

လျှို့ဝှက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၂၄၉/၂၀၀၁ (၁၂၇၄)။
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ ဖွန်လ ၁၄ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.) မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါး၊ပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၆-၄-၂၀၀၁)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒကောင်စီသို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၃၀-၅-၂၀၀၁) နေ့တွင် ကျင်းပပြုလုပ် ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၄/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး ငါး၊ ပုစွန် ပြုပြင် ထုတ်လုပ်ရေး၌ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အနံ့ဆိုးများ မဖြစ်ပေါ်စေရန် ဆောင်ရွက်ထားရှိရန်နှင့် အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန်ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေး ချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း)ကို နောက်ဆက်တွဲ(၁) အဖြစ် ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၄၅)သန်းအပါအဝင် စုစုပေါင်း ကျပ် (၃၆.၇၀)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Hongfeng Frontier Trade General Co., (Ruili & Thie Department) မှ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည် ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း(၃)ရာခိုင်နှုန်းဖြင့် (၅)နှစ်အတွင်း ပြန်လည် ပေးဆပ်မည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်အမည်ဖြင့် အအေးခန်းစက်ရုံအဖြစ် အသုံးပြုရန် ချပေးထားသော လန(၃၉)ရရှိထားသည့် မြေကွက်အမှတ် (၁၁၅၇)၊အစင်ကျေးရွာ၊ ရေးမြို့နယ်ရှိ မြေ (၀.၃၉)ဧက (၁၅၇၈.၂၇ စတုရန်းမီတာ) တွင် စက်ရုံတည်ဆောက်ပြီး လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

လျှို့ဝှက်

၄။ ယင်းလုပ်ငန်းမှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို လုပ်ကိုင်မည် ဖြစ်ပြီး ပြည်ပသို့ (၁၀၀)ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ထုတ်လုပ်မှု (မက်ထရစ်တန်)
၁။	White Pomfret Fish	MT	၉
၂။	Ribbon Fish	MT	၉၀၀
၃။	Croaker Fish	MT	၉၀

၅။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၁၃ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၁၁ သန်း

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၂၀)ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၂)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၇။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာနမှ အဆိုပြု အအေးခန်းစက်ရုံသည် ရေဆိုးပြန်လည် သန့်စင်စက်(Waste Water Treatment Plant)တပ်ဆင်အသုံးပြုမည်ဟုဖော်ပြထားသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူနှင့် ကိုက်ညီမှု ရှိပါကြောင်း၊ ပြည်ပတင်ပို့မှုအပေါ် ငါးလုပ်ငန်းဦးစီးဌာန၏ အရည်အသွေး ဆိုင်ရာ စစ်ဆေးမှုများ ခံယူရန်လိုအပ်ကြောင်း၊ ငါးဝယ်ယူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ တည်ဆဲ ငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တည်ဆောက်မည့် စက်ရုံ မြေနေရာသည် နိုင်ငံတော်မှ ခွင့်ပြုနိုင်မည့်မြေနေရာ ဖြစ်ရန် လိုကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း နှင့် ခွင့်ပြုစေသင့်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လုပ်ငန်း လုပ်ခွင့်ပြု သင့်ကြောင်း ထောက်ခံစာကို အဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြထား ပါသည်။

၈။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းမှု၊ ဈေးငွေရယူမှုတို့အတွက် ဝန်ခံကတိများ ပြုထားပါသည်။

၉။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။

ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၀။ ဆုံးဖြတ်ရန်အချက်။

(က) သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၂၄၉/ ၂၀၀၁ (၅၆၇-၈၂)။
ရက်စွဲ၊ ၂၀၀၁ ခုနှစ်၊ မေလ ၅ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့် အမှာစာ

အကြောင်းအရာ။ သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd.) မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၆-၄-၂၀၀၁)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁၂/၂၀၀၁) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒကောင်စီသို့ ဆက်လက် တင်ပြရန်ဆုံးဖြတ်ချက်အရတင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေပေးချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း)ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ(၀.၄၅)သန်းအပါအဝင် စုစုပေါင်း ကျပ် (၃၆.၇၀)သန်း ဖြစ်ပါသည်။ ယင်းတွင်ငွေသား ကျပ် (၁၅.၀၀)သန်း၊ အဆောက်အဦ တန်ဖိုး ကျပ် (၁၉.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၂.၇၀)သန်း { အမေရိကန်ဒေါ်လာ(၀.၄၅)သန်း} ထည့်ဝင် ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan Hongfeng Frontier Trade General Co., (Ruili & Thie Department) မှ ရွှေ့ဆိုင်းငွေပေးချေခြင်း စနစ်အရ ဝယ်ယူမည် ဖြစ်ပြီး တစ်နှစ်လျှင် အတိုးနှုန်း(၃)ရာခိုင်နှုန်းဖြင့် (၅)နှစ်အတွင်း ပြန်လည် ပေးဆပ်မည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်ကျော်အမည်ဖြင့် အအေးခန်းစက်ရုံအဖြစ် အသုံးပြုရန် ချပေးထားသော လန(၃၉)ရရှိထားသည့် မြေကွက်အမှတ် (၁၁၅၇)၊အစင်ကျေးရွာ၊ ရေးမြို့နယ်ရှိ မြေ (၀.၃၉)ဧက (၁၅၇၈.၂၇ စတုရန်းမီတာ) တွင် စက်ရုံတည်ဆောက်ပြီး လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှ အအေးခန်းနှင့် သိုလှောင်ရုံအညီဆောက်၍ သန့်ရှင်းသော်ဆော်ရသော ငါးထုတ်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ကို လုပ်ကိုင်မည် ဖြစ်ပြီး ပြည်ပသို့ (၁၀၀)ရာခိုင်နှုန်း ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုနှင့် ရောင်းဈေး နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	ထုတ်လုပ်မှု (မက်ထရစ်တန်)	ရောင်းဈေးနှုန်း (US$/ MT)
၁။	White Pomfret Fish	MT	၆	၂၇၅၀
၂။	Ribbon Fish	MT	၉၀၀	၁၀၀၀
၃။	Croaker Fish	MT	၆၀	၁၄၀၀

၅။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့် ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		အမေရိကန်ဒေါ်လာ သန်းပေါင်း
(က)	ဝင်ငွေ	၁.၀၅
(ခ)	အသုံးစရိတ်	၀.၃၁
(ဂ)	အသားတင်အမြတ်	၀.၇၄

၆။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန် အမေရိကန်ဒေါ်လာ ၀.၁၃ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် အမေရိကန်ဒေါ်လာ ၀.၁၁ သန်း

၇။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၁၂၀)ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၂)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီး ဌာနမှ အဆိုပြု အအေးခန်းစက်ရုံသည် ရေဆိုးပြန်လည် သန့်စင်စက်(Waste Water Treatment Plant)တပ်ဆင်အသုံးပြုမည်ဟုဖော်ပြထားသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမှုနှင့် ကိုက်ညီမှု ရှိပါကြောင်း၊ ပြည်ပတင်ပို့မှုအပေါ် ငါးလုပ်ငန်းဦးစီးဌာန၏ အရည်အသွေး ဆိုင်ရာ စစ်ဆေးမှုများ ခံယူရန်လိုအပ်ကြောင်း၊ ငါးဝယ်ယူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ တည်ဆဲ ငါးလုပ်ငန်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများ နှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တည်ဆောက်မည့် စက်ရုံ မြေနေရာသည် နိုင်ငံတော်မှ ခွင့်ပြုနိုင်မည့်မြေနေရာ ဖြစ်ရန် လိုကြောင်း၊ ကန့်ကွက်ရန်မရှိပါကြောင်း နှင့် ခွင့်ပြုစေသင့်ပါကြောင်း အကြောင်းပြန်ကြားလာပါသည်။ မွန်ပြည်နယ် ဒေသချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ လုပ်ငန်း လုပ်ခွင့်ပြု သင့်ကြောင်း ထောက်ခံစာကို အဆိုပြုလွှာနှင့်အတူ ပူးတွဲတင်ပြထား ပါသည်။

၉။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များအား လိုက်နာမည်ဖြစ်ကြောင်း၊ ချေးငွေရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ကုမ္ပဏီ၏ တာဝန်သာ ဖြစ်ကြောင်း၊ ချေးငွေကို ပြည်ပတင်ပို့ခြင်းမှ ရရှိသော နိုင်ငံခြားငွေ(သို့) အေးခဲပြုပြင်ပြီး ငါးပုစွန်များဖြင့် ပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု နှင့် မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် အတွက် လိုအပ်သော အစီအမံများ ကြိုတင် ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန် Waste Water Treatment Plant တပ်ဆင်အသုံးပြုမည် ဖြစ်ကြောင်း၊ အအေးခန်းအတွက် အမိုးနီးယားဓါတ်ငွေ့ အသုံးပြုမည့် အစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်း အသစ်ဖြစ်ကြောင်းနှင့် တင်သွင်းမည့် စက်ပစ္စည်းသည် အသစ်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

၁၀။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားရေးလုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၁။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) သံလွင်နဒီ စက်မှု ကုမ္ပဏီ လီမိတက် မှ အအေးခန်းနှင့် သိုလှောင်ရုံတည်ဆောက်၍ သန့်ရှင်းလတ်ဆတ်သော ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၂။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>

ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ ဆုံးဖြတ်ချက်ကို နာခံအပ်ပါသည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

<u>ကုန်သွယ်မှု မူဝါဒ ကောင်စီ။</u>

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	သံလွင်အေး စက်မှု ကုမ္ပဏီ လီမိတက် (Than Lwin Aye Industry Co., Ltd)	၁။ ဦးကျော်ကျော်(ခ) တွမ်ကျင်ချန်း (အုပ်ချုပ်မှုဒါရိုက်တာ)	အမှတ် (၂၁၇/၂၁၉)၊ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဒေါ်လီလီ(ခ) လီကွေလန် (ဒါရိုက်တာ)	အမှတ် (၁၃၃)၊ (၈၁)လမ်း၊ ၁၆–လမ်းနှင့် ၁၇–လမ်းကြား၊ အောင်မြေသာဇံ မြို့နယ်၊ မန္တလေးမြို့။
		၃။ ဦးအောင်ဇော်ဦး (ဒါရိုက်တာ)	အမှတ် (၁၉၉)၊တောင်ထိပ်ပန်းလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
		၄။ ဒေါ်ဖွန်ကျိုန်း (ဒါရိုက်တာ)	အမှတ် (၇)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
		၅။ ဒေါ်လန်ကျိုန်း (ဒါရိုက်တာ)	အမှတ် (၇)၊ ခပေါင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
		၆။ ဒေါ်ချောကေသီဦး (ဒါရိုက်တာ)	အမှတ် (၇၈၇)၊ အောက်လမ်းမကြီး၊ မောင်ငံရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၅၂/၂၀၀၁ MIC (၂၆.၄.၂၀၀၁) ရက်

လုပ်ငန်း စီမံကိန်း အဆိုပြုချက်၏ အဓိက အချက်များ

(မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပဒေ အရ)

၁	ကုမ္ပဏီအမည်	သံလွင် အေး စက်မှုကုမ္ပဏီလီမိတက် (Than Lwin Aye Industry Co., Ltd.) (၁၃-၁-၂၀၀၀ နေ့တွင်မှတ်ပုံတင်ပြီး)
၂	လုပ်ငန်း အဆိုပြုသူအမည်	ဦး ကျော် ကျော် (ခ) ထွန်းကျင်ချန်း
၃	အဆိုပြုလုပ်ငန်း အမျိုး အစား	အအေး ခန်း ဆိုလှောင်ရုံတည် ဆောက်၍ သန့်ရှင်း သတ်ဆေး ခြင်း ၊ ပုစွန်များ ပြုပြင်ထုပ်ပိုး ခြင်းလုပ်ငန်း
၄	တည်နေရာ	မြေကွက်အမှတ် (၁၁၅၇) ၊ အစင် ကျေး ရွာ၊ ရေး မြို့နယ်၊ မွန်ပြည်နယ်
၅	စုစုပေါင်း ရင်း နှီး မြှုပ်နှံမှု	ကျပ် ၃၆.၇၀သိန်း (US$ ၀.၄၅သိန်းအပါအဝင်)
	- ငွေသား	ကျပ် ၁၅.၀၀သိန်း
	- အဆောက်အဦ	ကျပ် ၁၉.၀၀သိန်း
	- စက်ပစ္စည်း	ကျပ် ၂.၇၀သိန်း (US$ ၀.၄၅သိန်း)
၆	မြေအကြောင်း အရာ	
	- မြေအကျယ်အဝန်း	၀.၃၉ ဧက (၁၅၇၈.၂၇စတုရန်း မီတာ)
	- မြေပိုင်ဆိုင်မှု	မွန်ပြည်နယ် အေး ချမ်း သာယာ ရေး နှင့်ဖွံ့ဖြိုး ရေး ကောင်စီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦး ကျော် ကျော်အား အအေး ခန်း စက်ရုံအဖြစ်အသုံး ပြုရန် ရရှိထား သော မြေ
	- မြေအမျိုး အစား	သ န (၃၉) မြေ
၇	ထုတ်လုပ်မှု (ပုံမှန်နှစ်)	မက်ထရစ်တန်
	- White Pomfret Fish	၉
	- Ribbon Fish	၉၀၀
	- Croaker Fish	၉၀
		၉၉၉
၈	ရောင်း ချမည့်စနစ်	
	- ပြည်ပရောင်း	၁၀၀ %

၉	ငရဝင်း ဈေး နှုန်း (ပုံမှန်နှစ်)	US$ / M.T
	- White Pomfret Fish	၂၇၅၀
	- Ribbon Fish	၁၀၀၀
	- Croaker Fish	၁၄၀၀
၁၀	ဝင်ငွေ (ပုံမှန်နှစ်)	US$ ၁.၀၅ သန်း
၁၁	အသားတင်အမြတ် (ပုံမှန်နှစ်)	US$ ၀.၇၄ သန်း
၁၂	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်	
	- ဝင်ငွေခွန်	US$ ၀.၁၃ သန်း
	- ကုန်သွယ်လုပ်ငန်းခွန်	US$ ၀.၁၁ သန်း
၁၃	ဝန်ထမ်း အင်အား	၁၂၂ ဦး
	- ပြည်တွင်း	၁၂၀ ဦး
	- ပြည်ပ	၂ ဦး
၁၄	တည်ဆောက်မှုကာလ	(၁၂) လ
၁၅	အခြား	- စက်ပစ္စည်း ကိရိယာများ နှင့် ဆောက်လုပ်ရေး ပစ္စည်း များ ကိုတရုတ်ပြည်သူ့သမ္မတ နိုင်ငံ Yunnan Hongfeng Frontier Trade General Co., (Ruili & Thie Department)မှ ရွေ့ဆိုင်း ငွေပေး ချေခွင့် ပေးအပ်ရေးဝယ်ယူမည်ဖြစ်ပြီး တစ် နှစ်လျှင်အတိုး နှုန်း (၃) ရာခိုင်နှုန်းဖြင့် (၅) နှစ်အတွင်း ပြန်လည် ပေး ဆပ်မည်ဖြစ် ပါသည်။ - စက်ပစ္စည်း စာရင်း ကို ပူးတွဲတင်ပြထား ပါသည်။

- ရွှေး မြို့ရေး နှင့် ရေလုပ်ငန်း ဝန်ကြီးဌာန မှ ဆောက်ပြုသော ဆေး ခန်း စက်ရုံသည် ရေဆိုး ပြန် လည်သန့်စင်စက် (Waste Water Treatment Plant) တပ်ဆင်ထားရုံး ပြုမည် ဟု ဖော်ပြထားသော သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်း ရေး မှ နှင့် ကိုက်ညီ မှုရှိပါကြောင်း ၊ ပြည်ပတင် ပို့မှုမှ သော ပေါ် ပို့ကုန်ခံ ချိန်ခံ့ညွှန်း ဖိစစ်ရန် အတွက် ငါး လုပ်ငန်း ဦး ဖိး ၄ နယ်အရည်အ သွေး ပိုင်ရာဝစ်ငေး မှုများ ခံယူရန်ကို ကြောင်း ၊ ငါး ဝယ်ယူခြင်း ၊ ပြုပြင် ထုတ်လုပ် ခြင်း နှင့် ပက်ကတ်မျိုးတည်ဆဲငါး လုပ်ငန်း ဥပ ဒေလုပ်ထုံး လုပ်နည်း များ နှင့် ညီညွတ်နေသ ဖောင်ထွက်ရန်ကို ကြောင်း နှင့် ဖေဖော် ; မျက်ပါက အရေး ယူ ဆောင်ရွက်သွား ရန် ဖြစ် ကြောင်း ၊ တည် ဆောက်မည့် စက်ရုံ မြေ နေ ရာသည် နိုင်ငံ တော်မှ ငှင်ပြုနိုင် မည့် မြေ နေ ရာဖြစ်ရန်ကို ကြောင်း ကန့်ကွက်ရန် မရှိပါ ကြောင်း နှင့် ထွင်ပြုသင့်ပါကြောင်း အ ကြောင်း ပြန်ကြား ထားပါသည်။ (ပူး တွဲ)

- နန်ပြင်နယ်ဖေး ချမ်း သာယာရေး နှင့် ဖွံ့ဖြိုး ရေး ကော်င်စီမှ ခွင့်ပြုလုပ်ငန်း မှ ငါး တွ ဖွံ့ဖြိုး တိုး တက် စေ ရေး အတွက် ငါး ပုဇွန် များ ကိုပြုပြင် ပြင်ပို့ ရောင်း ချခြင်း ဖြင့်နိုင်ငံခြား ဝင်ငွေ များ ရရှိ စေပြီး ဒေသဖွံ့ဖြိုး ရေး ကို အ ထောက်အကူ ပြုပါကြောင်း နှင့် သော ဆေး ခန်း စက်ရုံတည် ဆောက်ခွင့်ပြုရန် ထောက်ခံ ပြ ထား ပါသည်။ (ပူး တွဲ)

- ယင်း လုပ်ငန်း ငွေ ကြေး ထောက်ခံထား၍ အဖြစ်တ မတ ပြုလုပ် ဦး ချွေ ချေချ မည်ဖြင့် အခွန်စနစ်တကျ ဝင်ရှိ (၂၃ - ၁ - ၂၀၀၁) နေ့ ငွေလက်ခံ ချိန်ချိ (၁၀,၀၀) သိန်း ရှိ ကြောင်း တင်ပြထား ပါသည်။

- ကင်း လုပ်ငန်း သက်မြန်မာနိုင်ငံသားများ
အလုပ်ကိုင်ပြီး နိုင်ငံခြား မှ [illegible]ပိုင်
ဆိုင်မှုရှိခြင်း ၊ မြေယာနှင့်ပတ်သက်၍
နိုင်ငံတော်မှသာ [illegible] ပြဋ္ဌာန်း [illegible]
များ အား [illegible] ဖြစ်ကြောင်း ၊ ပြည်ပ
မှ ချေး ငွေရယူခြင်း သည် နိုင်ငံတော်နှင့်သက်
ဆိုင်ခြင်း မရှိဘဲ ကုမ္ပဏီ၏ တာဝန်သာ ဖြစ်ကြောင်း
ချေး ငွေကိုပြည်ပငွေဖြင့် မှ ရရှိသော
နိုင်ငံခြား ငွေ (ကို) အား [illegible] ငါး
ပုဂ္ဂိုလ်များ ဖြင့်ပြန်လည်ပေး ဆပ်ရမည် ဖြစ်
ကြောင်း ၊ ပတ်ဝန်း ကျင်ညစ်ညမ်း မှုနှင့်[illegible]
တော အနု ရ [illegible] မဖြစ်စေရန် [illegible]
[illegible]များ ၊ ကြိုတင်သတ်မှတ်မှုများ ပြုလုပ်
ထား မည်ဖြစ် ကြောင်း ၊ ပတ်ဝန်း ကျင်ညစ်
ညမ်း မှုမဖြစ်စေရန် Waste Water
Treatment Plant - [illegible]
မည်ဖြစ် ကြောင်း ၊ [illegible]
[illegible]
[illegible] ကြောင်း ၊ လုပ်ငန်း [illegible]
[illegible] ကြောင်း [illegible]
များ [illegible] ကြောင်း [illegible]
ပါသည်။

- [illegible]
[illegible]
[illegible] ပါသည်။

- မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံ [illegible]
[illegible] ပြုခဲ့သည် [illegible]
ခန်း [illegible] ၊ ပုဂ္ဂလိကပြုပြင် [illegible]
ငန်း ပေါင်း (၃၀) ရှိပြီး ဖြစ်ပါသည်။ [illegible]
[illegible] လုပ်ငန်း [illegible]
ငန်း ပေါင်း (၇) ခု ရှိပါသည်။